မိုဃ်းကြိုးချိုချိုအနုပညာ

# သိန်းဖေမြင့်

# ဇာတ်ဆရာဦးဖိုးစိန်




photo: wikipedia, pinterest & hippostcard

တတိယအကြိမ်

mgyoe.com

# သိန်းဖေမြင့်

## ဇာတ်ဆရာဦးဖိုးစိန်

၁၇ ဧပြီ ၁၈၈၂ - ၂၂ ဒီဇင်ဘာ ၁၉၅၂



ဦးဖိုးစိန် နှင့်
ယောကျ်ားမင်းသမီးအောင်ဗလ

ISBN9789997117496
TPM18
9 789997 117496
1,500.00KS

mgyoe.com

ဇာတ်ဆရာ ဦးပိုးစိန်၊ သိန်းဖေမြင့်
စာမျက်နှာ ၁၀၄ မျက်နှာ၊ ၁၂.၈ စင်တီ× ၁၈.၅ စင်တီ

ထုတ်ဝေသူ - ဦးစန်းဦး၊ စိတ်ကူးချိုချိုစာပေ(၀၀၅၃၈)၊ ၈၅၊ ၁၆၄လမ်း၊ တာမွေ၊ ရန်ကုန်။
ပုံနှိပ်သူ - ဒေါ်ဝင်းမာ၊ စိတ်ကူးချိုချိုပုံနှိပ်တိုက်(၀၀၄၁၂)၊ ၁၁၇၉၊ မစိုးရိမ်လမ်း၊ ရန်ကင်း။
၂၀၁၉၊ နှင်လ၊ တတိယအကြိမ်၊ အုပ်ရေ ၅၀၀၊
(ပထမအကြိမ် - ဂျိုးဖြူပုံနှိပ်တိုက်၊ ၁၉၅၃)
၂၀၁၂ စာအုပ်ဈေးစာအုပ်တိုက်၏ ဒုတိယအကြိမ်မှ

ရောင်းဈေး ၁ ၅ ၀ ၀ ကျပ်

*email: skccph@gmail.com ; P.O.Box: 705*
*www.facebook.com/SKCCmyanmarbook*
*www.skccmyanmarbook.com*

mgyoe.com

mgyoe.com

စိတ်ကူးချိုချိုစာအုပ်

■■■■■■■■■

# ဇာတ်ဆရာ ဦးဖိုးစိန်

## သိန်းဖေမြင့်

တတိယအကြိမ်၊ ၂၀၁၃

mgyoe.com

mgyoe.com
mgyoe.com

mgyoe.com

## မာတိကာ


| | | |
|---|---|---|
| ၁။ | ဗမာ့ဓာတ်သဘင် သရဖူ | ၁ |
| ၂။ | ဒဏ္ဍာရီမှ နိပါတ်များသို့ | ၆ |
| ၃။ | မေတ္တာဓာတ်နှင့် ဓမ္မဓာတ် | ၁၂ |
| ၄။ | ဇာတ်သီချင်းနှင့် ရှေးစာရေးဆရာ | ၂၇ |
| ၅။ | နှစ်ပါးသွားအက ပေါ်ခဲ့ပုံ | ၃၃ |
| ၆။ | ဦးဖိုးစိန်၏ ခြေက | ၃၉ |
| ၇။ | ဗမာ့ဓာတ်သဘင် အပြပညာကို တိုးတက်စေရန် | ၄၅ |
| ၈။ | ဝံသာနုနှင့် ဦးဖိုးစိန် | ၅၀ |
| ၉။ | ဖိုးစိန်နှင့်အောင်ဗလ တွေ့ကြခြင်း | ၅၅ |
| ၁၀။ | မြေပိုင်းခေတ်မှ ဇာတ်ခုံခေတ်သို့ | ၆၁ |
| ၁၁။ | ဖိုးစိန်အား ရွှေဒင်္ဂါးဆေးလိပ် ပေးခဲ့သောခေတ် | ၆၈ |


mgyoe.com

mgyoe.com


၁၂။ ဓာတ်ဆရာလုပ်သူ၏ စည်းလုံးရေးနည်းတစ်ခု ၇၅

၁၃။ ကပြားမယ်များနှင့် မြန်မာဓာတ်သဘင်ယိမ်း ၈၀

၁၄။ ဦးဖိုးစိန်၏ ဓာတ်သိမ်းခန်း ၈၄

၁၅။ ဓာတ်သဘင်တစ်ခေတ် တီထွင်ခဲ့သူ ၈၉

– နောက်ဆက်တွဲ သီချင်းများနှင့် မှတ်သားစရာများ ၉၇


❐

mgyoe.com

mgyoe.com


# (၁)
# ဗမာ့ဓာတ်သဘင် သရဖူ

## (၄ - ၂ - ၅၂)

ဦးဖိုးစိန်၊ ဓာတ်ဆရာ ဦးဖိုးစိန်၊ ဘုရားဒကာ ဦးဖိုးစိန်။

ဦးဖိုးစိန်ကား မကြာမီ အသက် ၇၀ ပြည့်တော့မည်။

ဦးဖိုးစိန်သည် လွန်ခဲ့သော အနှစ် ၅၀ ကျော်လုံးလုံး ဗမာ့ဓာတ်သဘင်၏ သရဖူ ဖြစ်နေခဲ့၏။

ဦးဖိုးစိန်သည် လွန်ခဲ့သောအနှစ် ၅၀ ကျော်လုံးလုံး ဗမာ့ယဉ်ကျေးမှုလောကတွင် အတောက်ပြောင်ဆုံးသော ကြယ်တစ်လုံးဖြစ်ခဲ့၏။

ဦးဖိုးစိန်သည် လွန်ခဲ့သော အနှစ် ၅၀ ကျော်လုံးလုံး အဆက်မပြတ် ထင်ရှားကျော်ကြားသဖြင့် နာမည်အကြီးဆုံး ဗမာတစ်ယောက်ဖြစ်၏။ ဗမာထဲတွင် သူ့လောက်နာမည်ကြီးသူ အလွန်ရှားပေသည်။

mgyoe.com

mgyoe.com


လက်ချိုးရေလျှင် လက်တစ်ဖက်ပင် ကုန်နိုင်ဖွယ်မရှိ။

ဦးဖိုးစိန်ဆိုလျှင် လူတိုင်းက မေတ္တာထားကြသည်။ ဘတ်စ်ကားသမားက ဦးဖိုးစိန်၏ဇာတ်ပစ္စည်း တင်ဖို့ပါဆိုလျှင် ဈေးပေါပေါနှင့်ပို့သည်။ ယနေ့တိုင် ဦးဖိုးစိန်ကြီး သင်္ဘောပေါ်မှ ဆင်းသည်ဆိုလျှင် ကုန်တင်ကုန်ချကူလီက လမ်းဖယ်ပေးသည်။ လမ်းလုပ်ပေးသည်။ ကူလီခလျှော့ယူကြသည်။ ဤအချက်သည် ဦးဖိုးစိန်အား ပြည်သူကမေတ္တာထားပုံကို ပြရုံမက ပြည်သူက ဇာတ်သဘင်စသော အနုပညာကို မည်မျှချစ်မြတ်နိုးကြောင်း သရုပ်ဆောင်ခြင်းဖြစ်လေသည်။

မျောက်ကလေးအကတတ်လျှင် မျောက်ဖိုးစိန်ဟု ခေါ်လိုက်ကြသည်။ တစ်ယောက်ယောက် အကအဆိုကောင်းလျှင် ဖိုးစိန်ကွဟု သြဘာပေးကြသည်။ ဖိုးစိန်သည် အက–အဆို–ဇာတ်သဘင်စသော စကားများကို အစားထိုးနိုင်သော ဝေါဟာရသစ် ဖြစ်လာခဲ့သည်။ ဤမျှသာမကသေး၊ ဗမာလို ရည်ရည်မွန်မွန်ရှိသောကုလားကို ကုလားဖိုးစိန်ဟု ခေါ်တတ်ကြသည်။ ဖိုးစိန်သည် ဗမာ့အရည်အသွေးကို အဓိပ္ပာယ်ဖော်နိုင်စွမ်းရှိသည့် ဝေါဟာရသစ် ဖြစ်လာခဲ့သည်။

ကျွန်တော်သည် ဦးဖိုးစိန်၏ဇာတ်ပွဲများကို များများမကြည့်ဖူးပါ။ စစ်မဖြစ်မီက နှစ်ကြိမ်သာ ကြည့်ဖူး၏။ သို့ရာတွင် ဦးဖိုးစိန်အတက်ဆုံးအချိန်တွင် ကြည့်ရခြင်းမဟုတ်၊ အမှန်အားဖြင့် ကျချိန်တွင်ကြည့်ရခြင်းဖြစ်လေသည်။ ၎င်းပြင် ကျွန်တော်သည် အသက် ၁၅ နှစ်လောက်တုန်းက စိန်ကတုံးကိုကြည့်ရပြီး စွဲထားသဖြင့် စိန်ကတုံးစွဲရှိလေသည်။ ထို့ကြောင့် ကျွန်တော့်အဖို့ဆိုလျှင် ဖိုးစိန်ကား အသည်းစွဲမဟုတ်ခဲ့ပါ။ ဖိုးစိန်သည် ကျွန်တော့်အသည်းစွဲဖြစ်အောင် အစဖော်ပေးသူမှာ သခင်နုဖြစ်လေသည်။

၁၉၃၇ ခုနှစ်လောက်တွင် ကျွန်တော်သည် ဆရာလွန်း– သခင်

mgyoe.com

mgyoe.com


ကိုယ်တော်မှိုင်း၏ အတ္ထုပ္ပတ္တိကို ရေးသားပြီးစီးလေရာ သခင်နုက ဦးဖိုးစိန်၏ အတ္ထုပ္ပတ္တိကိုရေးရန် တိုက်တွန်းလေသည်။ ကျွန်တော်က ဦးဖိုးစိန်က ဘာကောင်းလို့ ကျော်နေတာလဲဗျဟု မေးမိရာ သခင်နုက မင်းဘာသာ လေ့လာယူ၊ လာလိုက်ခဲ့ဟုဆိုပြီး ဦးဖိုးစိန်ထံသို့ ခေါ်သွားလေသည်။ ကျွန်တော်ကား သခင်နုလောက် ဦးဖိုးစိန်အတွက် စိတ်အားထက်သန်ခြင်း မဖြစ်ချေ။ သို့ရာတွင် ထိုစဉ်က သခင်နုနှင့်ကျွန်တော်တို့၏ ဆက်ဆံရေးမှာ အစ်ကိုအကြီးဆုံးနှင့် ညီအထွေးဆုံးဆက်ဆံရေးလို ဖြစ်ခဲ့သည်။ ထို့ကြောင့် ကျွန်တော်သည် နောက်ထပ်ဆင်ခြေဆင်လက် အထွန့်တက်နေသေးသော်လည်း ကိုယ်တိုင်ကမူ သခင်နုနှင့်အတူ ဦးဖိုးစိန်ထံ ပါသွားပါလေသည်။

ဦးဖိုးစိန်သည် ဂျူဗလီဟောတွင် ပွဲကလျက်ရှိလေသည်။ ဂျူဗလီဟောအပေါက်ဝတွင် ဦးဖိုးစိန်၏ဇနီးသည် ငွေဖလားကြီးကိုင်လျက် ရုံဝင်လက်မှတ်များကို သိမ်းလျက်ရှိ၏။ သခင်နုသည် ၎င်းအားသွားပြောပြီး ကျွန်တော်တို့သည် ဓာတ်စင်ပေါ်သို့ တက်သွားကြလေသည်။

ပထမဆုံးအနီးကပ်၍ မြင်ရသောဦးဖိုးစိန်ကို ယနေ့တိုင် ကျွန်တော် မှတ်မိသေး၏။ ကားလိပ်များနောက်ကွယ်မှာ သခင်နုက ကျွန်တော့်အား ဦးဖိုးစိန်နှင့် မိတ်ဆက်ပေးပါသည်။ ထိုစဉ်က ဦးဖိုးစိန်မှာ အသက် ၅၅ နှစ် ကျော်လေပြီ။ ပင်စင်ယူသောအသက်ဖြစ်သဖြင့် ဦးဖိုးစိန်သည် အတော်ပင်နွဲ့နေပေလိမ့်မည်ဟု ကျွန်တော်ထင်ခဲ့၏။ ကျွန်တော့်ရှေ့ရှိ ဦးဖိုးစိန်ကား ဓာတ်မင်းသားအဝတ်အစား ဆင်ပြီးသားဖြစ်ရုံမက တစ်ချီကပြီး ဝင်လာခါစဖြစ်လေသည်။ နဖူးပြင်တွင် မျက်နှာချေမှ စိမ့်ယိုထွက်နေသော ချွေးသီးချွေးပေါက်များကိုပင် မြင်နေရ၏။ တွန့်သော အရေများကိုလည်း ရေးရေးမြင်နိုင်သည်။ သို့ရာတွင် ဦးဖိုးစိန်တွင်နွဲ့သော အမူအရာကား လုံးဝမရှိ။ လူငယ်ကလေးလိုပင် ဖျတ်ဖျတ်လတ်လတ်

mgyoe.com

mgyoe.com


နိုင်လှသဖြင့် ကျွန်တော့မှာ အံ့သြ၍မဆုံး ဖြစ်နေလေသည်။ အခုအရွယ် ရောက်တောင် ကနိုင်တုန်းနော်ဟု ကျွန်တော်က တအံ့တသြပြောလေရာ ဦးဖိုးစိန်က ကနေရမှ လှုပ်ရှားနေရမှ ကျန်းမာတယ်ဟု ပြောလေသည်။ မှန်ပေသည်။ ကခြင်းသည် ကျန်းမာရေးလေ့ကျင့်ခန်း တစ်မျိုးပင်။ ၎င်းနောက် သူ့သားနှင့်တကွသော လူငယ်များ သူ့လိုဖွဲ့မရှိခြင်းကို ညည်းညူလေသည်။

ကျွန်တော်သည် ဤတစ်ချက်ဖြင့်ပင် ဦးဖိုးစိန်အတွက် စိတ်အားထက်သန်မှု သခင်နုနီးပါး ရှိလာလေတော့သည်။ အစီအစဉ်မှာ ဦးဖိုးစိန်၏ အတ္ထုပ္ပတ္တိကိုမရေးမီ ဦးဖိုးစိန်အား အဘက်ဘက်မှလေ့လာရန် ဖြစ်၏။ ဘယ်နေ့မွေး၊ ဘယ်မှာစာသင်ဆိုသည့် အချက်တွေထက် ဦးဖိုးစိန်၏အနုပညာမှာ ဘယ်သို့၊ ဦးဖိုးစိန်ဇာတ်အုပ်စီးပုံ၊ ဦးဖိုးစိန်၏လူမှုဆက်ဆံရေး စသည်များကို အထူးထား၍ ဖော်ထုတ်ရန်ဖြစ်လေသည်။ ထို့ကြောင့် ဦးဖိုးစိန်ဇာတ်နှင့် နယ်များသို့ ကျွန်တော်ကိုယ်တိုင် အတော်ကြာလိုက်ပါသွားရန် ဆုံးဖြတ်ကြ၏။

နောက်မကြာမီပင် ၁၃၀၀ပြည့် အရေးများ ပေါ်လာသည်။ ၎င်းနောက် ဒုတိယကမ္ဘာစစ် ဖြစ်လာလေသည်။ ဗမာပြည်သို့ပင်ဒုတိယကမ္ဘာစစ်ကြီး ကူးစက်လာခဲ့၏။ ကျွန်တော်နှင့်သခင်နုတို့လည်း နိုင်ငံရေးလှိုင်းတံပိုး၏ ပုတ်ခတ်ချက်ကြောင့် ဦးဖိုးစိန်နှင့်ဝေးရာသို့သာ မျောပါသွားခဲ့ကြလေကုန်သည်။ သို့ရာတွင် ဦးဖိုးစိန်အကြောင်း ရေးရန်ကိုကား မမေ့ခဲ့ပါ။

ထို့အပြင် နိုင်ငံရေးလုပ်လေလေ တိုင်းပြည်တွင် နိုင်ငံရေး စီးပွားရေးတို့ အရေးကြီးသလို ယဉ်ကျေးမှုအရေးကြီးကြောင်း သိလေဖြစ်ပေရာ နိုင်ငံရေးတိုက်ပွဲများကြားမှာ လက်မလည်အောင် ဖြစ်နေသည့်အခါ ဖြစ်စေ၊ နိုင်ငံရေးတိုက်ပွဲ ခပ်အေးအေးဖြစ်နေ၍ လက်အားနေသည့်အခါမှာ

mgyoe.com

mgyoe.com


ဖြစ်စေ ကျွန်တော်သည် ယဉ်ကျေးမှုခေါ်သံသို့ နားစွင့်မိပါသည်။ တရုတ်ယဉ်ကျေးမှုအဖွဲ့ လာသောအခါ ဦးဖိုးစိန်ကြီးအား အမိတ်သွားရင်း ဦးဖိုးစိန်အကြောင်းကိုရေးရန် အစီအစဉ်အဟောင်းသည် ကျွန်တော့် စိတ်ဝယ်အသစ်တစ်ဖန် ဖြစ်ခဲ့ပြန်ပါသည်။

ဦးဖိုးစိန်၏အသက် ၇၀–ပြည့်မြောက်မည့် အချိန်ကလည်း နီးလာပြီဖြစ်၍ စာတစ်အုပ်ဖြစ်အောင် မရေးအားသည့်တိုင် တတ်နိုင်သလောက်ရေးရန် ဆုံးဖြတ်လိုက်ပါသည်။

သို့ဖြင့် မကြာမီက ဦးဖိုးစိန်ထံသို့ သွားခဲ့ပြန်လေသည်။

□

mgyoe.com

mgyoe.com


# (၂)
# ဒလ္လာရီမှ နိပါတ်များသို့

## (၁၁ - ၂ - ၅၂)

မြူနီစီပယ်က တာမွေလမ်းဟု မှည့်ခေါ်ထားသော်လည်း ဖိုးစိန်လမ်းဟုသာ တွင်နေသည်။ ဖိုးစိန်လမ်းပေါ်တွင် တိုက်သစ်၊ အိမ်သစ်များများမရှိလှ၊ ဦးဖိုးစိန်၏တိုက်အိမ်မှာလည်း အိုမင်းလျက်ရှိပေသည်။ ဝင်းခြံထဲမှာ ပျိုနုသောသစ်ပင်များနှင့် ပန်းမန်အလှပင်များ မမြင်ရ၊ ဇရာမသစ်ပင်ကြီးများကသာ အုပ်မိုးလျက်ရှိပေသည်။

တိုက်တံခါးဝရှေ့တွင် ရပ်၍စောင့်ရင်း အပြင်ကိုရှုပ်တိုက်၍လည်းကောင်း၊ အတွင်းကို တစေ့တစောင်း ချောင်းမြောင်း၍လည်းကောင်း ကြည့်လိုက်ပါသည်။ သံခေါက်တံခါးကြီးမှာ သံချေးများတက်လျက်ရှိ၏။ သဘော်ဆေးများ ကွာကျနေသည်။ ကြေးသော့ခလောက်ကြီး ခတ်

mgyoe.com

mgyoe.com



ထားရာ တစ်ခါမျှ သည်လောက်ကြီးသော သော့ခလောက်ကို မတွေ့ခဲ့ဖူးချေ။ နောက်မှသိရသည်မှာ ဤသော့ခလောက်ကြီးသည် တစ်ခါတုန်းက စိန်မဟာသဘင်ခရီးထွက်ရာ၌ အသုံးပြုသောဦးဖိုးစိန်(စလေဒင်) သဘော်ာမှ လွမ်းစရာကျန်ရစ်သော ပစ္စည်းဖြစ်သောဟူ၏။

ဦးဖိုးစိန်၏သမီးအငယ်ဆုံး မြင့်မြင့်ဆိုသူ ကျောင်းသူကလေးက ကျွန်တော်တို့အား ဧည့်ခန်းသို့ခေါ်သွားလေသည်။

အတွင်းမှာလည်း ပြုပြင်မွမ်းမံခြင်းမရှိ၊ သဘော်ာဆေးပင် ထပ်၍ မသုတ်။ ထို့ကြောင့် စက္ကူဟောင်းလို ဝါကြန့်ကြန့်အရောင် လွှမ်းနေသည်။ ဆိုဖာကုလားထိုင်ကြီးများကို အဖုံးဖုံးထားရာ အဖုံးများပင်လျှင် နွမ်းလျက်ရှိကြသည်။

ဧည့်ခန်းတွင် စည်တော်နှစ်လုံး၊ ပတ္တလားတစ်ခုနှင့် ရွှေမောင်းကြီးတစ်လုံး ရှိလေသည်။ မှန်ဗီရိုတစ်ခုတွင် ယွန်းထည်များ အပြည့် ထည့်ထား၏။ စည်တော်မျက်နှာမှတစ်ပါး အားလုံးသောပစ္စည်းများမှာ မှေးမှိန်ကုန်ကြပြီ။ မှန်စီရွှေချပတ္တလားမှာ ရွှေရောင်ဝင်းမနေတော့ဘဲ ဝါခြောက်ခြောက်ဖြစ်နေ၏။ ရွှေမောင်းကြီးလည်း ထိုနည်းတူပင်။ ယွန်းထည်များပေါ်တွင် ဓာတ်စုံခင်းထားသော ပန်းချီလက်ရာများရှိရာ အတော်ကြည့်ယူမှ ကောက်ကြောင်းများ ရေးရေးမြင်ရသည်။

အတန်ငယ်ကြာလျှင် ဦးဖိုးစိန် ဆင်းလာလေသည်။ ကျွန်တော်က ထ၍ ဆီးကြိုသည်။ ဦးဖိုးစိန်မှာ ၇၀–နီးပြီဖြစ်၍ အရေများတွန့်လိပ်လျက်ရှိ၏။ အရေအောက်မှ ကြွထယှက်သန်းနေသော အကြောများကို မြင်နိုင်၏။ မျက်တွင်းများလည်း ကျနေ၏။ သို့ရာတွင် အသားမှာ ခြောက်သွေ့၍မနေ၊ ဝါဝင်းနေ၏။ ခါးကိုင်းခြင်းမရှိ၊ မျက်စိလည်း မှုန်သေးဟန်မတူ၊ ဆံပင်မှာလည်း မဖြူသေးချေ။ ဖျတ်ဖျတ်လတ်လတ် လှုပ်ရှားနိုင်တုန်းလည်း ဖြစ်၏။ ပြောရင်းဆိုရင်း တက်ကြွလာသောအခါ

mgyoe.com

mgyoe.com


များ၌ သူ၏စိတ်အားသည် ငယ်မူငယ်ရာဖြင့် ရဲခနဲဝင်းခနဲ ထတောက်တတ်သည်ကို တွေ့နိုင်သေး၏။

ဦးဖိုးစိန်မှာ ဆံပတ်လိုသျှောင်ကို ရစ်ခွေ၍ထုံးထားသည်။ စွပ်ကျယ်လက်ရှည်အဖြူနှင့် ပိတ်ဖြူပုဆိုးကိုဝတ်ထားရာ ဝင်းဝါသောအသားနှင့် တစ်နည်းကြည့်ကောင်းနေလေသည်။ စင်ကြယ်သောသူတော်စင်၏ ကျက်သရေကို ဆောင်နေ၏။ ကျွန်တော်တို့ထိုင်ကြရာဘောဘက်တွင် ငယ်စဉ်က ဦးဖိုးစိန်၏ပုံတူလူအရွယ် ပန်းချီကားချပ်ကြီးနှစ်ခုရှိ၏။ ဦးဖိုးစိန်သည် မင်းသားအဝတ်တန်ဆာ အစုံအလင်နှင့်ဖြစ်သည်။ ထိုနှစ်ပုံမှာ လွန်ခဲ့သောအနှစ် ၃၀ကျော်က အတက်ဆုံးသောဦးဖိုးစိန်၏ပုံများ ဖြစ်သည်။ ကျွန်တော်၏မျက်စိအစုံသည် ကျွန်တော့်ရှေ့မှာထိုင်နေသော ဦးဖိုးစိန်နှင့် ပုံထဲကဦးဖိုးစိန်ကြားတွင် ခေါက်တုံ့ခေါက်ပြန် ဝဲနေလေသည်။ ပုံထဲကဦးဖိုးစိန်ကား အပွင့်လန်းဆုံးပွင့်နေသော ပန်း။ ကျွန်တော့်ရှေ့ထိုင်နေသော ဦးဖိုးစိန်ကား အစွမ်းကုန်ပွင့်ပြီးပွင့်ချပ်တွေညှောင်းနေသော ပန်း။

ရုပ်ပုံကိုကြည့်ပြီးနောက် ကျွန်တော့်ဉာဏ်မျက်စိသည် ကုန်ခဲ့သောအနှစ် ၃၀ ကို ထွင်းဖောက်ကာ ၃၀ တွင်း ဦးဖိုးစိန်ထံသို့ ရောက်သွားသည်။ မင်းသားဦးဖိုးစိန်သည် ပန်းချီပုံထဲမှခုန်ထွက်ကာ ကျွန်တော်တို့ရှေ့တွင် က,နေသည်ဟု မြင်ယောင်လာသည်။ ရှေ့တွင်ထိုင်နေသောပိတ်ဖြူဝတ်ဦးဖိုးစိန်အား မေ့သွားသလိုပင် ဖြစ်နေတော့၏။

ထိုအခိုက် သား ကနက်စိန်က "ဦးသိန်းဖေမြင့်က ဖေဖေနှင့်ဆွေးနွေးချင်တာ ဘာကိစ္စပါလဲ" ဟု မေးလိုက်လေသည်။ ကျွန်တော်ကပြန်မပြောရဘဲ ဦးဖိုးစိန်ကပင် လွန်ခဲ့သောဆယ့်လေးငါးနှစ်က သခင်နုနှင့် ကျွန်တော် သူ့အကြောင်းရေးရန် စီစဉ်ခဲ့ကြပုံကို ဖော်ပေးလိုက်ပေ၏။ သို့ဖြင့် အာလာပသလ္လာပ အချီးနှီးဒါန်းတွေ ပြောကြသည်။ ၎င်းနောက်

mgyoe.com

mgyoe.com


ကျွန်တော်က ဆွေးနွေးလိုရင်း ပထမအချက်ကို စ,ပေးလိုက်သည်။

"ဦးဖိုးစိန်ကပြခဲ့တဲ့ ဇာတ်လမ်းတွေအကြောင်းစပြီး ဆွေးနွေးချင်ပါတယ်ခင်ဗျာ"

ဦးဖိုးစိန်မှာ အသက် ၁၅ နှစ်လောက်ကပင်စ၍ ဇာတ်ကခဲ့လေသည်။ ကပြသောဇာတ်တို့မှာ ချင်းဖဝေး၊ ချင်းရွှေလုံး၊ ဆင်ကဲဘို့မယ်၊ ကံသဒေဝီလက်ခြောက်ဖက် စသော ဒဏ္ဍာရီဇာတ်များဖြစ်၏။ ဒဏ္ဍာရီများမှာ စိတ်ကူးဉာဏ်နှင့်ထွင်၍ မကောင်းကောင်းအောင် ရေးထားခြင်းဖြစ်သည်။ များသောအားဖြင့် ဒဏ္ဍာရီများမှာ ရှေးပုံပြင်များနှင့် နိပါတ်ဇာတ်တော်များကိုဖျက်၍ သင့်လျော်သလိုယူကာ သုံးစွဲကြသည်။ ဥပမာ ကံသဒေဝီလက်ခြောက်ဖက်မှာ ဒေဝဂဗ္ဘဇာတ်တော်ကို ဒဏ္ဍာရီလုပ်ထားခြင်းဖြစ်သည်ဟု ဆို၏။

ဦးဖိုးစိန်တို့ စကစဉ် ထိုခေတ်က ရုပ်သေးရော၊ ဇာတ်ပါ အဘယ့်ကြောင့် ဒဏ္ဍာရီကိုသာ ဇာတ်ကကြပါသနည်းဟုဆိုသော် ဇာတ်နိပါတ်တော်များကိုကလျှင် ဂိုဏ်းမလွတ်လေဟန်၊ အပြစ်ဖြစ်၍ ငရဲကြီးလေမည့်ဟန် ထင်ကြလေသည်။ နောက် ဦးဖိုးစိန်သည် ဒဏ္ဍာရီများကိုစွန့်ပြီး ဇာတ်နိပါတ်တော်တွေကိုချည်း ကပြလေသည်။ သဘင်လောကတွင် ဒဏ္ဍာရီဇာတ်ကို ခေတ်ကုန်စေပြီး ဇာတ်နိပါတ်ကို ခေါ်သွင်းလာသူမှာ ဦးဖိုးစိန်ဖြစ်၏။

"ဘယ်လိုလုပ်ပြီး ဇာတ်နိပါတ်ကို ဇာတ်ကဖြစ်သွားပါသလဲ ခင်ဗျာ။"

ကျွန်တော်ကမေးရာ သားတစ်ယောက်ကဝင်၍ "ကျွန်တော်တို့ ဖေဖေက ဒဏ္ဍာရီတွေကိုမကြိုက်လို့" ဟု စ,လိုက်၏။ ဦးဖိုးစိန်က ဖျတ်ခနဲ "ဟဲ့–ဒီလိုမပြောနှင့် ဒဏ္ဍာရီတွေကိုကပြီး ဖေဖေ ထမင်းစားလာတာ။ ဒီတော့မကြိုက်လို့လို့ ပြောလို့မတော်ဘူး၊ မကျေနပ်လို့လို့ ပြောရမယ်"

mgyoe.com

mgyoe.com


ဟု ထောက်လိုက်ပါသည်။

ဦးဖိုးစိန်သည် ထမင်းကျွေးသည့် ဒဏ္ဍာရီ ကျေးဇူးကို မမေ့မပစ်ပယ်၊ မကျေနပ်သေးသဖြင့် ရှေ့တစ်ဆင့်တက်လိုခြင်းသာ ဖြစ်သည်။

ဦးဖိုးစိန်သည် မုံရွာမြို့သို့ ဇာတ်ကရင်းရောက်သွားရာ လယ်တီဆရာတော်၏ အဆုံးအမကိုခံ၏။ လယ်တီဆရာတော်၏ သံခိပ်များကို ဇာတ်ခုံပေါ်မှနေ၍ တစ်ဆင့်ဖြန့်ခဲ့၏။ ဇာတ်ကရင်း လယ်တီဆရာတော်၏ တရားပွဲများသို့သွားရန် ကြော်ငြာပေး၏။ ဇာတ်နိပါတ်တော်များကို ကလျှင် အပြစ်ရှိမရှိ ဆရာတော်ကြီးအား မေးလျှောက်၏။

ဦးဖိုးစိန်သည် သာသနာကိုဖျက်ရာမရောက်လေအောင် သူကနေသောဒေသသို့ လယ်တီဆရာတော် တရားဟောရောက်လာပြီဆိုလျှင် ပွဲဖျက်လျက် အခြားတစ်ဒေသသို့ ရွှေ့ပြောင်းကလေ့ရှိ၏။ သို့ဖြင့် ကျိုက်လတ်မှာ ပွဲကမည်လုပ်တုန်း လယ်တီဆရာတော်ရောက်လာသဖြင့် ပွဲဖျက်ကာ ကျိုက်ပိသို့ ရှောင်ပြေးခဲ့ရ၏။

ဦးဖိုးစိန်သည် မန်လည်ဆရာတော်နှင့်လည်း ဆရာဒကာသဖွယ်ရင်းနှီးသည်ဆို၏။ ဇာတ်နိပါတ်တော်များ ကလျှင် အပြစ်ရှိမရှိ ဆရာတော်ကြီးအား မေးလျှောက်ဖူးလေ၏။

ဦးဖိုးစိန်သည် အလှူအတန်းရက်ရော၏။ ကျောင်းကန်စေတီများစွာ တည်ဆောက်လှူဒါန်းဖူး၏။ မန္တလေးတွင် ဘယ်သူမျှမပြုဖူးသေးသော ရှင် ၁၀၀ ကျော်ပြုသော အလှူကိုပေးဖူးသည်ဆို၏။ ထို့ကြောင့် အခြားသောဆရာတော်များကလည်း ဦးဖိုးစိန်၏ဗုဒ္ဓသာသနာပေါ်၌ထားအပ်သောစေတနာကို ကောင်းစွာသိကြသည်။ ဦးဖိုးစိန်သည် ဇာတ်နိပါတ်တော်များကို ကခြင်းဖြင့် အပြစ်ရှိမရှိ ယင်းဆရာတော်များအားလည်း လျှောက်ထားဖူးလေသည်။

ဆရာတော်များက သုတ္တန်–ဝိနည်းပါဇာတ်များကိုက၍ တရားပြ

mgyoe.com

mgyoe.com



နိုင်လျှင် အပြစ်မရှိနိုင်ကြောင်း အဆုံးအဖြတ်ပေးကြသည်ဟု သိရပေသည်။

ဦးဖိုးစိန် ပထမဆုံး ကပြသောဇာတ်မှာ ဝိနည်းတော်မှရှင်သုဒိန်ဇာတ် ဖြစ်လေသည်။ မယ်တော်က တားဆီးသော်လည်း မဖြစ်မနေ ရဟန်းဘောင်သို့ဝင်သော ရှင်သုဒိန်၏အကြောင်းတည်း။

ထိုဇာတ်ကိုကြည့်မြင်ရသော ဆရာတော်အချို့က **"ဖိုးစိန် ဇာတ်နိပါတ်ကို ကပြတာဟာ တို့တရားဟောတာထက်ပိုပြီးတောင် ဇာတ်တော်ကို ကွက်ကွက်ကွင်းကွင်း သရုပ်သဏ္ဌာန်နှင့် မြင်အောင် ပြနိုင်တယ်"**ဟု အားပေးစကား မိန့်မြွက်ကြလည်ဟူသတည်း။

❒

mgyoe.com

mgyoe.com



## (၃)
## မေတ္တာဓာတ်နှင့် ဓမ္မဓာတ်

ထို့ကြောင့် သဘင်လောကတွင် ဗုဒ္ဓဇာတ်နိပါတ်ကိုကပြမှု ပြန်လည်ခေတ်စား ထွန်းကားလာသည်မှာ အထက်ဖော်ပြပါ ဆရာတော်များနှင့် ဦးဖိုးစိန်တို့၏ ပယောဂဟု ဆိုအပ်သည်။

ဦးဖိုးစိန်သည် ထိုအချိန်မှစ၍ တစ်နည်းဆိုသော် လွန်ခဲ့သောအနှစ် ၄၀ ကျော်လောက်ကစ၍ ဗုဒ္ဓခေတ်နိပါတ်များကိုသာ ကလေတော့သည်။ လူကြိုက်များလှသော ချင်းဖဝေး၊ ချင်းရွှေလုံး၊ ဆင်ကဲဘို့မယ် စသော ဒဏ္ဍာရီများကိုပင် ပြန်မကိုင်တော့ပြီ။ အခြားဇာတ်သဘင်အဖွဲ့များတို့ကမူ ဒဏ္ဍာရီများကိုကြားညှပ်၍ ကကြလေသေးသည်။ သို့ရာတွင် ဗုဒ္ဓခေတ်နိပါတ်သည်သာ ဇာတ်သဘင်အနုပညာ၏ ကွန့်မြူးကျက်စားရာ အဓိကအကြောင်းအရာ ဖြစ်လာခဲ့လေသည်။

mgyoe.com

mgyoe.com

ဦးဖိုးစိန်သည် ငယ်စဉ်အခါက ငါးသိုင်းချောင်းဆရာတော် ဦးဥက္ကံသကျောင်းတွင် စာသင်ကြားခဲ့၏။ ဦးဥက္ကံသမှာ ဒွါရဂိုဏ်းဝင် ဆရာတော် ဖြစ်လေသည်။

ငယ်ဆရာတော်ထံတွင် ဗုဒ္ဓဘာသာစာပေအခြေခံများကို ကောင်းစွာဆည်းပူးခဲ့ရ၏။ လယ်တီဆရာတော်ဘုရားနှင့်တွေ့စဉ် ဦးဥက္ကံသကျောင်းထွက်ဖြစ်ကြောင်း သိရသောအခါ–

"ဟေ မင်းကဒွါရကျောင်းထွက်ကိုးကွယ့်" ဟု ဆိုတော်မူ၏။

"မှန်ပါတယ် ဘုရား၊ သို့ရာတွင် တပည့်တော်မှာ ဂိုဏ်းဒွါရမခွဲခြားဘဲ သာသနာတော်ကို ဆည်းကပ်ကိုးကွယ်ပါတယ် ဘုရား၊ တရားတော်ကို နာယူပါတယ် ဘုရား" ဟု လျှောက်ထားပြီး လယ်တီဆရာတော်၏ ဟောပြောသွန်သင်ချက်များကို လေ့လာနာယူလေသည်။

ဦးဖိုးစိန်သည် ဗုဒ္ဓစာပေ၌ နှံ့စပ်သည်၊ ဗဟုသုတကြွယ်ဝသည်။ ၎င်းပြင် ဗုဒ္ဓဘာသာတရားတော်များကို လူအများဆုံး အလွယ်တကူ နားလည်သဘောပေါက်အောင် ဝါဒဖြန့်ရန်လည်း စေတနာလွန်စွာ ထက်သန်လေသည်။

ထို့ကြောင့် ဇာတ်နိပါတ်များကို ကပြရုံမက သီချင်းဆိုရာ၌ပင်လျှင် တရားပြသောသီချင်းများကို ဆိုလေသည်။ သူ၏ အထင်ရှားဆုံးသော သီချင်းများမှာ ပါဠိ ပါဌ်–သား တရားစကားအများဆုံး ပါသည်ဟုဆိုနိုင်၏ ။

ထိုသို့ဇာတ်ပြရင်း၊ သီချင်းဆိုရင်း၊ ဗုဒ္ဓဝါဒဖြန့်ခြင်းမှာလည်း မသိမသာလုပ်ခြင်း၊ အမှုမဲ့အမှတ်မဲ့လုပ်ခြင်း မဟုတ်။ တမင်လုပ်ခြင်း ဖြစ်လေသည်။

တရားမသိဘဲနှင့် သဘင်လုပ်ခြင်းဟာ တဏှာသက်သက်အားပေးတာပဲဟု ဦးဖိုးစိန်က လေးနက်စွာပြောလေသည်။

mgyoe.com

mgyoe.com

ဦးဖိုးစိန်ကား အနုပညာသည် အနုပညာသက်သက်ဖြစ်ရမည်ဆိုသော တတ်ယောင်ကား လူအချို့စကားကို ကြားရလျှင် နားမလည်နိုင်ရှိပေလိမ့်မည်။ အကြောင်းမူကား သူသည် သူ၏သဘင်ပညာကို အနုပညာမြောက်အောင် ပြုလုပ်ရုံမက တရားအနှစ်သာရပါအောင်လည်း လုပ်ခဲ့၏။ ကြည့်ရှုသူပရိသတ်အား ပျော်ရွှင်ချမ်းမြေ့စေရုံမျှ မတင်းတိမ်အားမရ၊ အသိတရား ပွားများစေအောင်လည်း အားထုတ်ခဲ့ပေ၏။ ပြောင်အတည့်အလင်း ဇာတ်ခုံပေါ်မှနေ၍ ဝါဒဖြန့်ခြင်းများ ပြုခဲ့လေ၏။

"ဦးဟာ ဇာတ်ကရာမှနေပြီး ပွဲကြည့်ပရိသတ်ကို လယ်တီဆရာတော်ရဲ့ တရားပွဲကို ပို့ပေးတာပဲ" ဟု ဝမ်းသာအားရ ကျွန်တော့်အား ပြောပြပေသည်။

"သည့်ပြင်ဟာမပြောနှင့် သတင်းစာတွေတောင် ဦး ကျေးဇူးနှင့် မကင်းကြပါဘူး။ သတင်းစာတွေပေါ်စတုန်းက ဦးက နာမည်ရနေပြီ။ သတင်းစာဖတ်တာဟာ တိုင်းသူပြည်သားတွေအတွက် အကျိုးရှိတယ်ဆိုတာသိရလို့ ဇာတ်ခုံပေါ်ကနေပြီး ဝါဒဖြန့်ပေးခဲ့တာပဲ။ သူရိယ၊ ပညာ့အလင်း၊ ဟံသာဝတီ၊ မြန်မာ့အလင်း၊ သူတို့ပေါ်စက ဦးက ကြော်ငြာလုပ်ပေးရတာတွေပေါ့"

ဦးဖိုးစိန်၏မျက်နှာသည် သူ၏အောင်မြင်ခဲ့ခြင်းများအတွက် တောက်ပနေပြီး ခပ်ပြုံးပြုံး ကျွန်တော့်အား ကြည့်လိုက်သည်။

"ဓမ္မဇာတ်နှင့် မေတ္တာဇာတ်ကိုမသိရင် ဇာတ်သဘင်အလုပ်နှင့် အလျဉ်းမသင့်ဘူး" ဟု ဆိုလိုက်လေသည်။ ကျွန်တော် ကောင်းစွာ နားမလည်။ ထို့ကြောင့် ထပ်ရှင်းရန် တောင်းပန်ရလေသည်။

"သဘင်သည် ဇာတ်သမားဆိုတာ အနတ္တတရားကို နားလည်ရမယ်။ အနတ္တဆိုတော့ အတ္တမရှိဘူး။ ကိုယ့်ကိုယ်ကိုယ် မပိုင်ဘူး။ အစိုးမရဘူး။ ဟဲ့ဖိုးစိန် နင်ဘာလဲလို့ ကိုယ့်ကိုယ်ကိုယ် မေးကြည့်တယ်။

mgyoe.com

mgyoe.com


ငါဟာ အနုတ္တရပ်ပဲ ငါ့ကိုယ်ငါ မပိုင်ဘူး။ ပိုက်ဆံပေးပြီးလာကြည့်ကြတဲ့ ပရိသတ်တွေသာ ပိုင်တယ်လို့သာ သဘောထားရတယ်၊ အဲသည်လို သဘောထားလိုက်တော့ ပြောသမျှလုပ်သမျှ ကသမျှပြသမျှ ပရိသတ် နှစ်သက်အောင် ပရိသတ်မေတ္တာရှိအောင် ပရိသတ်အကျိုးရှိအောင် ပြောလုပ်ကပြတာ ဖြစ်လာတော့တာပဲ။ ဒီလိုသဘောထားတာနဲ့ တစ်ပြိုင် နက် အမူအရာအကျင့်အကြံတွေအားလုံးဟာ ပြောင်းလာတော့တာပဲ။ ဒီသဘောထားကို ဘယ်တော့မဆို လက်မလွှတ်ရဘူး"

ဤကား ဦးဖိုးစိန်အောင်မြင်မှု အခြေခံပေတည်း။ အနုပညာရှင် မည်မျှ ဦးဖိုးစိန်လို သဘောထားကြပါသနည်း၊ ကိုယ့်ပရိသတ်ကို လေးစားပါသနည်း။ ဦးဖိုးစိန်ကဲ့သို့ ကိုယ့်ကိုယ်ကိုယ် နှိမ့်ချကြပါရဲ့လား။ စာရေးဆရာဖြစ်စေ၊ ရုပ်ရှင်ဒါရိုက်တာ ဖြစ်စေ၊ ပန်းချီဆရာဖြစ်စေ၊ ဦးဖိုးစိန်ကဲ့သို့ပင် ငါ့ကိုယ်ကိုယ် ငါမပိုင် လူထုပရိသတ်က ပိုင်သည်ဟု ယူဆပါ၏လော။

ဤသို့သော သဘောထားမှန်ကန်မှုကြောင့် ဦးဖိုးစိန်သည် ပရိ သတ်အကျိုးကို အဘက်ဘက်မှ လိုက်လျောဆောင်ရွက်ခြင်း ဖြစ်လေ သည်။ ဦးဖိုးစိန် ပွဲကသည်ကို မြင်ခဲ့ဖူးသူတိုင်း သတိရကြပါလိမ့်မည်။ ဦးဖိုးစိန်ခိုနေသည်ဟု ကြားဖူးမြင်ဖူး ကြပါသလား။ ဇာတ်ခုံပေါ်၌ ဦးဖိုးစိန်နှင့် အခြားဇာတ်သူဇာတ်သားများ ကပြနေကြသည်ကို ပြန်သတိ ရကြစမ်းပါ။ ဦးဖိုးစိန်သည် ဘယ်တော့မှ အအားမနေ။ စိတ်တခြား လေလွင့်ကာ ငေးမနေ၊ ဇာတ်ကွက်ထဲမှာ အမြဲပါနေသည်။ လူပြက်တွေ ပြက်နေရင် သူကနားထောင်ပြီး ရယ်ရမည့်အချိန် ရောရယ်သည်။ ထို ပြက်လုံးတို့သည် သူ့အတွက် အသစ်အဆန်းမဟုတ်။ သို့ရာတွင် စိတ် ဝင်စားကြောင်း ပြပေ၏။ မင်းသမီးကကနေလျှင် သူက ဘောက စည်း လိုက်ပေးနေတတ်သည်။ ပရိသတ်အပေါ်တွင် စော်ကားမော်ကား

mgyoe.com

mgyoe.com


ထော်လော်ကန့်လန့် တစ်ခုမျှမလုပ်။ ထို့ကြောင့်လည်း ဦးဖိုးစိန်သည် ဤမျှ အောင်မြင်ခဲ့ခြင်းဖြစ်ပေ၏။ ဖိုးစိန် နင်ဘာလဲ၊ နင်ဟာ–အနတ္တ၊ ကိုယ့်ကိုယ်ကိုယ်မပိုင် ပွဲကြည့်ပရိသတ်ကသာ ပိုင်သည်။

ပရိသတ်အပေါ်၌ ဤသဘောထားကို အနုပညာသည်တိုင်း ထားထိုက်လှသည်။

***နန်းဘုံသီဟာဘွေ သဥ္ဇာညောင်ရွှေ၊ ရွှန်းဝေထိန်ပြောင်၊ ညီနောင် ဆက်ကာ၊ ပိုင်စံစိုးတော့သာ။ ။ အို–ဆင်ဖြူဆဒ္ဒန် ပြန်လို ငြား၊ မရှား လိုရာ၊ ဘုန်းတော်တေဇာ ဒေဝါနတ်မောင်၊ ရွှက်ဆောင်ကျိုးတော်သား ဘုန်းတော်ကြီး–ထီးတစ်ရာ စကြာစိုးတယ်မိုးဖြပ္ပွာ၊ ထူးထွေလာငြောင်း၊ ကောင်းချီးညာ။***

အထက်ပါသီချင်းကား (ယိုးဒယားကပီ) မည်သော သီချင်းမည်၏။ သို့ရာတွင် ကျွန်တော်သည် ထိုသီချင်းကို ယိုးဒယားသံမူမှန်နှင့် ဌာန်ကရိုဏ်းကျကျ စ၍ကြားဖူးသည်မဟုတ်။ အမှန်စင်စစ် ကြားဖူးစက ယိုးဒယားဟုပင် မသိပါချေ၊ ကျွန်တော်တို့ငယ်ငယ်က ဘုတလင်ရှိ ရန်အောင်မြင်ဆုတောင်းပြည့်၊ ရွှေဘုံသာစသော ဘုရားပွဲများတွင် အိုးစည်ဝိုင်းများက တီးမှုတ်ရင်းဆိုသံကို စကြားဖူးခဲ့ခြင်း ဖြစ်လေသည်။ နဲ့ကတတီတီ၊ အိုးစည်က တထုံးထုံး၊ ဝါးလုံးကြီး ဟိုဘက်တစ်ယောက်၊ သည်ဘက်တစ်ယောက်ကိုင်လျက် တုတ်နှင့် ဝိုင်းနှက်လိုက်ကြသည်ကလည်း တဖြောင်းဖြောင်း၊ နန်းဘုံသီဟာဘွေ၊ သဥ္ဇာညောင်ရွှေ၊ ရွှန်းဝေထိန်ပြောင်၊ ညီနောင်ဆက်ကာပိုင် စံစိုးတော့သာ။

မင်းသုံးစိုးသုံးဆိုသော ယိုးဒယားသီချင်းကြီး သီချင်းခန့်များကို အရပ်သူအရပ်သားက အိုးစည်စည်းထဲသို့ သွတ်သွင်းပြီး ဆိုတီးပစ်လိုက်ကြခြင်း ဖြစ်သည်။ အချို့သောဂီတပညာ အကျော်အမော်တို့က ယင်းသို့ ဆိုတီးလိုက်ခြင်းကို အပြစ်ဆိုကြပါသည်။ ဒူးနေရာဒူး တော်နေရာတော့

mgyoe.com

mgyoe.com


မထား ထီးသုံးနန်းသုံးကို အိုးစည်တီးလုံး လုပ်ပစ်ရလေသလောဟု သဘောမကျကြချေ။ ကျွန်တော်ကား သဘောကျ၏။ ကျွန်တော့်လိုပင် ကျွန်တော်တို့ရွာသားများက သဘောကျခဲ့ကြလေ၏။ ကျွန်တော့်အဖို့ ဆိုလျှင် လွန်ခဲ့သောအနှစ် ၃၀ လောက်က အိုးစည်ဝိုင်း၏ နန်းဘုံ သီဟာသွေကို ယနေ့တိုင်အောင်ပင် ကြားသေးသယောင်ထင်မိပေသည်။

ရတုကို၊ နန်းဆန်ဆန် ရှေးမူမပျက်သီဆိုလျှင် ပျင်းစရာပင်ကောင်းသည်ဟု ထင်မိသည်။ ရတု–ဖိုးစိန်ကြီးသီဆိုတော့ လူအများ အသည်းစွဲသွားကြလေသည်။ တေးထပ်လည်း ထိုနည်းပင် လက်ဝဲသုန္ဒရ၏ မဲဇာတောင်ခြေရတုသည် လည်းကောင်း၊ ဦးကျော်လှရေးသော ၁၂–ရာသီဘွဲ့ တေးထပ်တို့သည်လည်းကောင်း၊ ဖိုးစိန်ကြီးသီဆိုသဖြင့် သို့ကလောက် ကျော်ကြားလာသည်ဟု ကျွန်တော် ဆိုချင်သည်။

အိုးစည်ဝိုင်းတီးဆိုဟန်ကို လူအများကြိုက်သလို ဦးဖိုးစိန်၏သီဆိုဟန်ကို လူအများ ကြိုက်ကြသည်။ ဦးဖိုးစိန်တွင် ထူးခြားသောသူပိုင်ဟန်ရှိ၏။ ထိုဟန်ကို လူကြိုက်များသည်။ ရှေးမူရှေးဟန်ကို စွဲလမ်းသော ပညာရှိများက ဘယ်သို့ပင် ကဲ့ရဲ့စေကာမူ ဘယ်သို့ပင် နည်းမကျဟု ဆိုစေကာမူ လူအများကတော့ နားဝင်ချိုမြကြသည်။

ဦးဖိုးစိန်သည် ရှေးဆိုဟန်ဆိုနည်းတို့ဖြင့် မရောင့်ရဲမကျေနပ်၊ ၎င်းတို့ကိုအခြေခံ၍ အသစ်တီထွင်သည့် ဟန်သစ်ဖန်တီးသည်။ တီထွင်သောဟန်သစ်မှာလည်း ရှေးမူတို့ကိုအခြေခံသော အမျိုးသားအမွေအနှစ်ကို တိုးချဲ့ပွားများစေခြင်း ဖြစ်သဖြင့် လူကြိုက်ဤမျှများခြင်း ဖြစ်ပေ၏။

ကျွန်တော်က ဤအချက်ကိုဖော်ထုတ်ပြီး ဦးဖိုးစိန်အား တိုက်တွန်းလိုက်သည်။

"သီဆိုတဲ့နေရာမှာ ဦးထွင်လိုက်တဲ့ ဟန်သစ်ကလေးတွေ သိရအောင် ရှင်းပြပါဦး"

mgyoe.com

အဘိုးကြီးအို ဦးဖိုးစိန်သည် ဘေးနားရှိအသက် ၄၀–တွင်းတုန်းက ပန်းချီကားထဲမှ ဦးဖိုးစိန်နှင်နှင် ပြုံးရွှင်သွားပြီးနောက် ကျွန်တော့်ကို ဖိတ်လိုက်ပါသည်။

"ပွဲကတုန်း လာကြည့်ပါဦးလား။"

"ခုထိ ပွဲကတုန်းလား၊ ၇၀ ဆိုတော့ အကရပ်ဖို့ တော်ပါပြီ။"

"ဟုတ်တယ်၊ သည့်ပြင် လူမျိုးတွေမတော့ ၄၀–၅၀ ဆိုရင် အကရပ်ကြတာပါပဲ။ ဦးတို့ကတော့ ကတုန်းပဲ ပရိယေသနလည်း ပရိယေသန၊ ဝါသနာလည်း ဝါသနာပြီးတော့ ပရိသတ်ကလည်း မေတ္တာထားကြတုန်း။ တောင့်တကြတုန်း ကိုဖေမြင့်ရဲ့၊ ဟော သားကနက်တို့ချည်းကလျှင် ဦးဖိုးစိန်ကြီးကလည်း ထွက်ပြီးမျက်နှာပြရုံဖြင့်တော့ ပြပါဦးလို့ တောင့်တကြတာကိုး ကိုဖေမြင့်ရဲ့"။

ကြုံတော့လည်း ကြည့်ပါ့မယ်၊ ခုတော့ ဦး တီထွင်တဲ့ ဆိုဟန်ကလေးများ ရှင်းပြပါဦး။

ဦးဖိုးစိန်က စကားနှင့်မရှင်းခင် အဆိုနှင့်စ၍ ရှင်းလိုက်လေသည်။ ကျွန်တော်၏ဉာဏ်မျက်စိမှာ ဦးဖိုးစိန်ဝတ်ထားသော စွပ်ကျယ်အဖြူနှင့် ပိတ်ဖြူလုံချည်သည် ပျောက်ကွယ်သွားပြီး အချိတ်ပုဆိုး ပေါ်လာလေသည်။

"ကျုပ်သားကိုချို ငှက်ပလီ ဘယ်ကိုကြွမလို့ ချွဲပါဦး။"

ဦးဖိုးစိန်က အသံအပေါက်မကူးပြောင်းဘဲ တစ်လျှောက်တည်း ဆိုပြလေသည်။

"ဒါက အရင်ကလိုဆိုကြတာ စင်းနေတယ် မောင်ရဲ့၊ နားထောင်လို့ သိပ်မကောင်းဘူး။ ဒီတော့ ဦးက အချိတ်ထဘီ အချိတ်ပုဆိုးများမှာ အချိတ်လွန်းကူးတာလို စင်းနေတဲ့နေရာမှာ တစ်ပေါက်တင်နောက်တစ်ပေါက်ကျ ရက်ထည့်လိုက်ရတယ်၊ အသံအကူးအပြောင်းမှာ အချိတ်

mgyoe.com

mgyoe.com


ဖော်တာလိုပဲကွယ့်"

သို့ကလို ရှင်းပြောပြပြီးနောက် ဆိုပြပြန်လေသည်။

"ကျုပ်သားကိုချီ ငှက်ပလီဘယ်ကိုကြွမလို့ အို ချစ်ပါဦး။"

ဦးဖိုးစိန်သည် ပင်ကိုသံကကောင်းသည့်အထဲက ပို၍ အသံကို သာအောင် သို့မဟုတ် စိတ်၏ဘာဝနှင့်လိုက်လျောအောင် နေရာနှင့်နေရာ ရက်သွင်း၍ ပေးတတ်လေရကား သူ့သီဆိုခြင်းတည်းဟူသော အထည်တွင် အဆင်သစ်အဆင်ဆန်းများ ဖော်လာတော့သည်။ ထိုအဆင်သစ် အဆင်ဆန်းများကို လူအများက နှစ်သက်ကြပေသည်။ စိတ်၏ဘာဝ နှင့်လိုက်အောင် အသံကိုရက်သွင်း ပေးနိုင်သည်ဆိုခြင်းမှာ ဤသို့တည်း။

ကုသဇာတ်ခင်းရာ ဦးဖိုးစိန်သည် သီချင်းအပုဒ် ၄၀ ဆိုသည်ဟူ၏။ ကုသမင်း ပိုးသောအခန်း၌ ထော့သံ၊ ငေါ့သံ၊ ကြွသံ၊ ထသံစုံအောင် ရက်သွင်းပေးနိုင်၏။ ပပဝတီနောက်သို့ စောင်းတော်ပိုက်၍ လိုက်ခန်း၌ ညည်းသံ၊ ဆွေးသံ၊ လွမ်းသံတွေကို ရက်သွင်းပေးနိုင်၏။

ဤကဲ့သို့ စိတ်၏ဘာဝနှင့်ညီအောင် လိုက်လျောအောင်သီဆိုခြင်းတွင် အသံထားမျိုးစုံ ရက်သွင်းနိုင်ခြင်းသည် ဦးဖိုးစိန်၏ ထူးခြားချက်ပေတည်း။

ဤမျှမကသေး ဇာတ်ကောင်၏စရိုက်သဘာဝနှင့် လိုက်လျောအောင် စကားလုံးများ၊ လေသံများကို ပြုပြင်သုံးစွဲရာ၌ ဗမာ့ဇာတ်ခုံပေါ်တွင် စတင်တီထွင်သူမှာ ဦးဖိုးစိန်ဖြစ်သည်ဟု ဆိုနိုင်လေသည်။

ချင်းဖဝေးဇာတ်ကရာ၌ ဖိုးစိန်က(ယာတောလယ်မှာ ငါပြောမယ် ရှင်ဘုရင်ရဲ့ နင်ဆင်ခြင်ဦး)

ချင်းသဘာဝကို ပေါ်စေလိုသဖြင့် ရှင်ဘုရင်နှင့် စကားပြောရာတွင် နင်ငါထည့်၍ပြောဟန် သီဆိုထားခြင်း ဖြစ်ပေသည်။

ဇာတ်ကြည့်သူ၏ဉာဏ်မျက်စိ၌ ချင်းမင်းသားကလေး ပေါ်လာ

mgyoe.com

mgyoe.com


လေသည်။ ဦးဖိုးစိန်သည် စကားပြောသောအခါ ချင်းလိုပင်ဝဲ၍ ပြောသည်ဟု ပွဲကြည့်ပရိသတ်က ထင်မှတ်ရ၏။ သို့ရာတွင် ...

"ဦး ဝဲပြောတဲ့အသံက ချင်းသံမဟုတ်ဘူး၊ ကရင်သံဝဲတာပဲ ဘာဖြစ်လို့လဲဆိုတော့ ချင်းသံကမာတယ်၊ နည်းနည်းကြမ်းတယ်၊ ကရင်သံဝဲတာကသာတယ် နားထောင်လို့ကောင်းတယ်။"

ထင်ရှားအောင် ဦးဖိုးစိန်က ချင်းစကားအချို့ကို ပြောပြသည်။ ၎င်းနောက် ကရင်စကားပြောပုံကို ပြောပြပြန်သည်။ မှန်ပေသည်၊ ကရင်စကားသံကား သာလှပေ၏။ ဇာတ်ဟန်နှင့် ကိုက်လှပေ၏။ ဦးဖိုးစိန်ကား သဘာဝလိုက်သည်ဆိုသော်လည်း ကြမ်းသောသဘာဝ မဟုတ်၊ အလှကို အားပေးသော သဘာဝ၊ နုခြင်းသာခြင်းကို ဖြည့်စွက်သော သဘာဝ၊ အချုပ်အားဖြင့် ဆိုရသော် အနုပညာလွှမ်းသော သဘာဝကျခြင်းသာလျှင် ဖြစ်သတည်း။

အထက်တွင် ဦးဖိုးစိန်သည် ရှေးဆိုဟန် ဆိုနည်းတို့ဖြင့် မကျေနပ်ကြောင်းနှင့် ၎င်းတို့ကိုအခြေခံ၍ အဆိုဟန်သစ်များ တီထွင်ဖန်တီးခဲ့ပုံတို့ကို ရေးသားခဲ့လေသည်။

"အဲဒီထဲမှာ ကျွန်တော် ရေးသားထားတာတွေအပြင် ဦးရဲ့ ဆိုဟန်၊ ပြောဟန်တွေနှင့်ပတ်သက်ပြီး ဘာများဖြည့်စွက်ချင်ပါသေးသလဲ ခင်ဗျာ" ဟု ကျွန်တော်က ဦးဖိုးစိန်အား မေးလိုက်ပါသည်။

ဦးဖိုးစိန်ကား ခဏကြာမျှတွေလျက် နေလေသည်။

ယခုအကြိမ် ဦးဖိုးစိန်အား တွေ့ရသောနေရာကား အပေါ်ထပ်မှာ ဖြစ်လေသည်။ ဘုရားဆောင်ကြီးမှာ ကျယ်ဝန်းရုံမက အဆောင်အယောင် အမွှမ်းအမံစုံလင်၍ ကြည်ညိုနှစ်လိုဖွယ် ကောင်းလှသည်။ ဘုရားဆောင်ရှေ့တွင် ကော်ဇောအပြည့် ခင်းထား၏။ ကျွန်တော်တို့သည် ကော်ဇောအစွန်တွင်ထိုင်၍ စကားပြောနေကြသည်။ ဦးဖိုးစိန်ကား အခန်း

mgyoe.com

mgyoe.com



နံရံကို ကျောမှီလျက် ဝတ်ထားသည်မှာမူ ယခင်အကြိမ်များကလိုပင် ပိတ်ဖြူလုံချည်နှင့် စွပ်ကျယ်လက်ရှည်။

"ကိုသိန်းဖေမြင့် ရေးတာတွေဟာ ဦး ဆိုလိုတာတွေကို ငုံမိပါတယ်"

ဦးဖိုးစိန်သည် မဲဇာတောင်ခြေရတုကို ရှေးဆိုဟန်ဖြင့် ဆိုပြသည်။ နောက် သူထွင်လိုက်သောဟန်ဖြင့် ဆိုပြပြန်လေသည်။

"ရှေးဟန်က ဂီတမဆန်ဘူး၊ ဒီတော့ ဦးက အသံကို လေးသံလုပ်ပစ်ရတာပဲ"

ငိုချင်းအဆိုတွင်လည်း ရှေးနည်းများအပြင် ဦးဖိုးစိန်ထွင်သော နည်းတစ်နည်းရှိသည်ဟု ဆိုလေသည်။ အထူးသဖြင့် ပတ်စာပိုးငို သို့မဟုတ် တစ်ပေါက်တင်ငိုမှာ ဦးဖိုးစိန်စသည်ဟု ကျော်ကြားပေ၏။ ပတ်စာပိုးငို ဖိုးစိန်အစဟူ၏။

ဦးသာဇံရေးသော လှဒေဝီမေပျိုဖြန်းငယ်ကြောင့် ညနေရီနေညို သန်းမှာဖြင့် ဖေငိုခန်းပေါ်တော့တယ် အစချီသောလေးချိုးကို ဆိုရာမှာ လည်းကောင်း။

ဆွဲမြည့ာခွဲရမှာ တဖေလွမ်းပါဘိ ငွေစန်းယုန်စန္ဒီသို့ပုံ ဟန်ချီချီ လဲ့လဲ့ဝင်းငယ်ကြောင့် အစချီသောလေးချိုးကို လည်းကောင်း၊ ပတ်စာပိုးငိုဟန်သစ်ဖြင့် ဦးဖိုးစိန်ကဆိုလေရာ ပရိသတ်တွင် များစွာစွဲလမ်း နှစ်သက်ခြင်းဖြစ်ကြလေသည်။

ဦးဖိုးစိန်တို့ ဇာတ်ခုံပေါ်မတက်မီကနှင့် တက်ခါစများ၌ ငါးပေါက်သံကိုသာ ဆိုရိုးဖြစ်ကြလေသည်။ မငွေစိန်နှင့်ဖိုးစိန် တွဲခါစက ဆိုသော နှစ်ပါးသွားသီချင်းမှာ ငါးပေါက်သံများသာ ဖြစ်သည်ဟုသိရ၏။ ဥပမာ...

ပတ္တမြားဖြူနယ်၊ အကြွားမတူလိုက်ပါနှင့် အသားဖြူတာကြိုက်ရင်

mgyoe.com

mgyoe.com


ဖြင့်၊ အရောင်တင်ခြယ်မယ်။ မောင်ခင်တွယ်ဖွယ်။ ဖွေးဖွေးလှလှ ယဉ် အောင်ယဉ်အောင်၊ မြတ်နှစ်ပါးအေးစေကြောင်းသာပ၊ သနပ်ခါးချေးတွေ အောင်းပါလို့၊ မဖယ်မစောင်းပေါင်၊ တကယ်ကောင်းအောင် အငယ် အနှောင်းတောင် မယူနှင့်ကွယ်။

ရုပ်သေးမင်းသမီးဆရာပု၊ မင်းသားဆရာကြွယ်တို့ နှစ်ပါးသွား တွင်လည်း ငါးပေါက်သံကိုပင် ဆိုကြလေသည်။ အမေထွေးနှင့်ဆရာ ကွန်းတို့ ဇာတ်ခုံဘက်သို့ ကူးတက်သောအခါလည်း ငါးပေါက်သံကို သာ ဆိုကြလေသည်။

ဦးဖိုးစိန်သည် ဤမျှဖြင့်မရောင့်ရဲ မကျေနပ် တိုးတက်ကောင်းမွန် အောင် လုပ်ရမည်ဟု မာန်တင်းလေသည်။

"သည်လောက်ရှိလှတာ ခြောက်ပေါက်ပြောင်းမယ်ဆိုပြီး ပြောင်း တာပဲ"

သို့ဖြင့် ခြောက်ပေါက်သံကို ဇာတ်ခုံပေါ်သို့ စတင်သွင်းသူမှာ ဦးဖိုးစိန် ဖြစ်လာလေသည်။ ယခင်က ခြောက်ပေါက်သံဆိုလျှင် အလှူ အိမ်ဆိုင်း၌ ဘုန်းတော်ဘွဲ့တီးရာမှာသာလည်းကောင်း၊ မသာအိမ်နံနက် စောစော၌ မျောက်မင်းအူသံတီးရာမှာသာ လည်းကောင်း ကြားကြရလေ သည်။

ဦးဖိုးစိန်သည် မဲဇာတောင်ခြေပတ်ပျိုးမှ ခြောက်ပေါက်သံကို စယူ လိုက်သည်ဟု ဆိုပေသည်။

အောက်ပါ ခြောက်ပေါက်သံ နှစ်ပါးသွားသီချင်းမှာ ဆရာစံရေး၍ ဖိုးစိန်၊ ငွေစိန်တို့ သီဆိုကြသောသီချင်း ဖြစ်သည်။

"နှစ်ပါးရယ်တဲ့ သည်ဝယ် ကျီစယ်၊ အလိုဗျာ မက်အောင်တတ်သူ ရဲ့၊ မျက်တောင်ကလေး တဆတ်ဆတ်ခတ်လို့၊ မူစမ်းပါတော့ကွယ်။ ထွေးသိပ်မယ်၊ ကလေးစိတ်နှယ်၊ မအိပ်တမ်းပျော်လိုက်မယ်။ မင်းအနွား

mgyoe.com

mgyoe.com


ကပ်ရရင်ကွယ်။ မင်းအသား ထိရရင်ကွယ်၊ ထက်မိုးပြင်ကျယ်ကျယ်၊ ဆီမီးခွက်လောက် ထင်တော့တယ်။ ဆီးရွက်လောက် ထင်တော့တယ်။ ကျုပ်လိုလူ မဆိုထားနှင့်၊ ရသေ့များတောင် ဈာန်လျှောမယ်၊ ချစ်တဲ့ အချစ်လုံးဆို့တယ်။ ကြိုက်တဲ့အကြိုက်လုံး ဆို့တယ်။ မမြင်ရရင် မနေနိုင်တယ်။ အလုံးကြီးက ဆို့ပါတယ်။ ပုလိပ်တွေ ပျာတာတွေဖမ်းဖမ်း နမ်းလိုက်ချင်တော့တယ်။"

မင်းအနား ကပ်ရင်ကွယ်။ မင်းအသား ထိရရင်ကွယ်ဆိုသောအခါမျိုး၌ မင်းသားက မင်းသမီးအနားသို့ ကပ်သွားကာ ထိတော့တို့တော့ မယောင် ကကွက်ကဟန် ဖော်ပေးသည်။ မင်းသမီးက အဖမ်းခံတော့ မယောင်နှင့် ရှောင်ရှောင်ပြေးသော ကကွက်ကဟန်ကို ဖော်ပေးရသည်။ ဆိုဟန်မှာလည်း ချိုးနှစ်ကောင် ထနောင်းပင်ညီနောင်မှ ကူသွဲ့သံမျိုးတစ်လှည့် နွားသိုး၏ဝတ်ထလိန်းသံမျိုးတစ်လှည့် ကူးချည်ပြောင်းချည် သီဆိုနိုင်ရသည်။ ဖိုးစိန်ကား ဤဆိုဟန်မျိုး၌ တစ်ဖက်ကမ်းခပ်တတ်သူတည်း။

ချစ်တဲ့ အချစ်လုံးဆို့တယ်၊ ကြိုက်တဲ့ အကြိုက်လုံးဆို့တယ်ဟု ဆိုသောအခါ မင်းသားက ဆို့နေဟန်ပြုတတ်သည်။ လူပြက်များက ဘဝင်ချပေးဟန်ပြုတတ်ကြရာ ပရိသတ်မှာ တဝုန်းဝုန်းတဝေါဝေါ တဟားဟားတဝါးဝါး ဖြစ်သွားသည်။ ပုလိပ်ပျာတာတွေ ဖမ်းဖမ်းနမ်းလိုက်ချင်တော့တယ် ဆိုသောအခါတွင်ကား တဟားဟားတဝါးဝါးမက တရှိုရှိုလက်ခေါက်မှုတ်ပြန်သဖြင့် ပတ်မတုတ်ယူရတတ်လေသည်။

အထူးထူးငယ်နှင့် အစချီသော မြဝတီမင်းကြီးရေး တောလားပတ်ပျိုးကြီးကို ဘရင်ဂျီကျောင်းတက်သံဟု ခေါ်စမှတ်ပြုကြ၏။ အကြောင်းကား ဤသို့တည်း၊ မြန်မာဂီတ၌ ပတ်ပျိုးသည်ဆိုပေါက် အထူးအထွေအများဆုံး ဖြစ်၏။ ပတ်ပျိုး၏ပင်ကိုတွင် အသံအမျိုးမျိုး အဆာသွတ်ပေးနိုင်လေသည်။ မြဝတီမင်းကြီးသည် ဘရင်ဂျီဘုရားရှိခိုး

mgyoe.com

mgyoe.com



ကျောင်းမှ (Psalm)တုရားရှိခိုးသံကိုယူ၍ အဆိုပါတောလားပတ်ပျိုးတွင် ထည့်ရက်သွတ်သွင်းခဲ့လေသည်။ သို့ကြောင့် အဆင်ဆန်းအကွက်ဆန်း ဖြစ်လာခဲ့သည်။

ထို့အတူ ပြင်စည်မင်းသားကြီးသည် ရွှေတည္သာဖျော်ဖျော်ဖြေ ဖွေကြော့ဆိုသော ယိုးဒယားတီးချက်သီချင်းကို ရေးလေရာ ကြျုတသုန်–ပဇ္ဇုန်ဆော်နှိုး စသော တောက်တောက်ချမ်း၊ တောက်တောက်ချမ်းနှင့် တရုတ်သံကို သွင်းယူခဲ့ပေ၏။

"အဲဒီလိုပဲ နိုင်ငံခြားသံကို ဦးလည်းယူပြီး သုံးဖူးပါသေးသလား"

"သုံးဖူးပြီလား ကိုဖေမြင့်ရယ်။ ဇာတ်မင်းသားထဲမှာ အင်္ဂလိပ် သီချင်းသံ စသုံးတာဖိုးစိန်ပေါ့" ဟုပြောကာ ဦးဖိုးစိန်သည် တောက်ပစွာ ပြုံးနေပြန်လေသည်။

Isn't She Sweet(အိန့်ရှီဆွိတ်) ဆိုသောသီချင်းမှာ အလွန်ထင် ရှား လူကြိုက်များသော အင်္ဂလိပ်သီချင်း ဖြစ်သည်ဟုဆို၏။ ထိုသီချင်း ကလေးကို ဦးဖိုးစိန်ကိုယ်တိုင်ရေးသော သီချင်းတစ်ပုဒ်၌ အောက်ပါ အတိုင်း သွတ်သွင်းသုံးစွဲခဲ့လေသည်။

အယုဇ္ဈဝတိန်ပြည်၊ နတ်အများတို့သည် အနှစ်တစ်ထောင်ပွင့် အောင် စောင့်နေရသည်။ ပန်းပင်အာသာဝတီ၊ ဣစ္ဆိတံပြည့်စုံစရာ မျှော် သည့်ပုံပမာ ပြမည်–ပြမည်–ပြမည်၊ မှန်းဆရည်၊ ရဖို့ကံပါရမီ၊ ထူးအောင် ကြံစည်၊ ဖူးခေါင်က ကပဟန်ချီ။ ထက်နန်းအမတပြည်၊ သက်တမ်း ကရှည်၊ ဆက်လှမ်းပါ့မည်။ ကြံစည် ဇောတရနာမာမိ။ ဩကာသန်မန်တင် ချီ။ လူ့ရွာတစ်ကြောက မနောမယစိန် အာသာဝတီ။

ပျိုခင်မဒီ၊ အဆိုတွင် ချိုရွှင်ကြည်။ စိန်မဟာသဘင်မှာ ပညာရဖို့၊ ကျွန်မတို့ ပါခဲ့သည်။ မျှော်ကာသာရည်၊ ပေါ်လာလေပြီ၊ အာသာဝတီ ပုံပမာ ဂုမ္ဘာန်ရည်။ က–တာ ဆိုတာ ထိုအရာများကို ကျွန်မတို့ ကြား

mgyoe.com

mgyoe.com



ချင်သည်။ စိန်ဆရာကြီး အာသာဝတီ။

ပျိုခင်မဒီ အစချီသောသံပြိုင်သည် ISN 't SHE SWEET အင်္ဂလိပ်သီချင်းပင် ဖြစ်၏။

BIG BEN ခေါ် ဘိလပ်ကနာရီသံသည် သာယာလှ၏။ ထိုနာရီသံအတိုင်း မြည်သောနာရီများလည်း ဗမာပြည်သို့ရောက်ခဲ့ဖူးရာ ဘုန်းကြီးကျောင်းများ၌ပင် ထားလေ့ရှိကြသည်။ ဦးဖိုးစိန်သည် ထိုနာရီသံကိုယူ၍ အောက်ပါသီချင်းကို ကိုယ်တိုင်ရေးစပ်ခဲ့လေသည်။

ချောပေတာ ချောလည်းချောပေတာ။ လှပေတာ လှလည်းလှပေတာ။ ထူးမြတ်ပါသည့်ဆရာ ရုပ်ရေကဟန်တာ။ ပုဇ္ဇေစကမ္မဝစရာ။ နှုတ်ခွန်းသမျှ အမှန်ပါ။ ညီ,ညီညွတ်တာ။ ဇမ္ဗူမှာမတူတာ၊ ခါးသေးရင်ချီ ပဒုမ္မနီအစစ်ပါ။ ချစ်စရာပါ။ ကြိုက်စရာပါ။ တွတ်တီးတွတ်တာပါ။ ကလီကမာပြောတာ။ မဒီကညာအချောမှာ နတ်ပန်းချီလား။ မမီနိုင်စရာ၊ မဒီရှုံးတဲ့အလှဆုံးပါ။

မြဝတီမင်းကြီး၊ ပြင်စည်မင်းသားကြီးနှင့် ဦးဖိုးစိန်တို့ နိုင်ငံခြားသီချင်းသံများကို ယူခဲ့၏။ ယခုကာလ ဂီတဆရာများလည်း ယူနေကြ၏။ သို့ရာတွင် မတူ။ မြဝတီမင်းကြီးတို့ ယူကြပုံမှာ အရိုးကိုအရွက်မဖုံး၊ ပတ်ပျိုးထဲသို့ ဘရင်ဂျီဘုရားရှိခိုးသံကို သွတ်သွင်းသည်။ နောက်ဆုံးသဖြန်နှင့်ပင် ချလိုက်သည်။ ယိုးဒယား လက်ရှိမူအတိုင်း၊ ဗမာပိုင်းမှာထား၍ ကြိုတသုန်ကျမှ တရုတ်သံပြောင်းသည်။ နိုင်ငံခြားသံကို ငုံယူလိုက်သည်။ မြန်မာသံထဲသို့ နားဝင်ချိုအောင် မထောင့်အောင် ပြုပြင်အသုံးချလိုက်သည်။

ဦးဖိုးစိန်က "သင်းတို့ အင်္ဂလိပ်သံကို မြုပ်သွားအောင် ဗမာစကားခံ့ခံ့နှင့် ဖုံးရတယ်။ ခြေဆင်းလည်း ဗမာသံနှင့် စရတယ်၊ နောက်မှ အင်္ဂလိပ်သံကို သွင်းယူတယ်။ ပြီးခါနီးတော့ ကိုယ့်အသံပြန်ထည့်ရ

mgyoe.com

mgyoe.com


တယ်။ (ချောပေတာ) မှာဆိုရင် ဗိန်းဖောင်းသံနှင့် ဆုံးပစ်လိုက်တာပဲ။"

(ဟုတ်တယ် ဒါမှလည်း အမျိုးသား ပင်ကိုသတ္တိမပျောက်ဘဲ အမျိုးသားအနုပညာ၊ အမျိုးသားဂီတ ဖြစ်မှာပေါ့။)

"ဒါကြောင့် တချို့က ဖိုးစိန့်သီချင်း အင်္ဂလိပ်ကခိုးချတယ်တောင် ထင်ကြတာပေါ့" ဟုပြောကာ တောက်ပစွာပြုံးနေပြန်လေသည်။

ထို့နောက် ကျွန်တော့်နားအတွင်းသို့ ခုကာလ နိုင်ငံခြားသံခိုးချလေ့ရှိသော မြန်မာဂီတဆရာဆိုသူတို့၏ လက်ရာတို့သည် ဝင်လာနေသည်ဟု ထင်မိယောင်မှား နေတော့သည်။ ဂီတက ပျိုးပေး–ဖြဲရှပ်ရှပ်–ဖြဲရှပ်ရှပ်။ ကော်ကီ၊ ကော်ကိ၊ ကော်ကီ။ သီချင်းသံကလိုက် အိုင် လပ်ဖ် ယူဆွိတီ။။

❒

mgyoe.com

mgyoe.com



# (၄)
# ဇာတ်သီချင်းနှင့် ရေးစာရေးဆရာ

လွန်လေပြီးသော အနှစ် ၄–၅၀ ကျော်က မြန်မာပြည်တွင် ကကြိုး –ခကွေးစာအုပ်၊ ဘုရားရှိခိုးစာအုပ်၊ ပြဇာတ်စာအုပ်များနှင့်အတူ သီချင်းစာအုပ်များလည်း ခေတ်စားခဲ့လေသည်။ ထုတ်ဝေသူများမှာ ကေနာဂူမီရာစသော ကုလားဘုတ်အုပ်တိုက်များပင် ဖြစ်၏။ သီချင်းစာအုပ်များကို ဘုန်းကြီးကျောင်း၌လည်းကောင်း၊ လယ်ကွင်းထဲမှာလည်းကောင်း၊ ဘုတ်အုပ်စင်မှာလည်းကောင်း၊ တဲခေါင်မိုးမှာလည်းကောင်း တွေ့ရတတ်လေသည်။ ဘုန်းကြီးကျောင်းသားသည် စာအံပြီးလျှင် သီချင်းကျက်၏။ လယ်သမားသည် အလုပ်ခွင်မှာနားရင်း သီချင်းစာအုပ်ကိုင်၍ ဆိုစမ်း၏။

သီချင်းများသည် များသောအားဖြင့် ဖိုးစိန်ဇာတ်မှသီချင်းများ ဖြစ်လေသည်။ ဖိုးစိန်၏သီချင်းများသည် ဇာတ်ခုံပေါ်မှသာမက စာအုပ်များ

mgyoe.com